သြကာသ ကန်တော့ကျိုးတွင်ပါသည့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊
ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါး ဆိုသည့်အထဲမှ ဗျသနတရား
ငါးပါးကို အဘယာရာမ ဆရာတော် ဘဒ္ဒန္တသောဘဏ မှ ရှင်းလင်းထားခြင်းဖြစ်ပါသည်။

## ဗျသနတရားငါးပါး

ဗျသန ဆိုတာ ပျက်စီးခြင်း။ အဲဒီ ဗျသန (၅)ပါး ရှိတယ်။ အဲဒါတွေကတော့...

(၁) ဉာတိ ဗျသန
(၂) ဘောဂ ဗျသန
(၃) ရောဂ ဗျသန
(၄) သီလ ဗျသန
(၅) ဒိဋ္ဌိ ဗျသန တို့ဖြစ်တယ်။

မြတ်စွာဘုရားသခင် ဟောထားတဲ့ပါဠိကတော့ "ပဉ္စမာနိ ဘိက္ခဝေ ဗျသနာနိ၊ ကတမာနိ ပဉ္စ၊ ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသနံ" - ပါဘဲ။

အဲဒါကို မြန်မာပြန်အနက်နဲ့ဆိုရင် -

ဘိက္ခဝေ - ရဟန်းတော်များ အိုချစ်သားတို့။
ဗျသနာနိ - ဗျသနတရားတို့သည်၊ (ဝါ) ပျက်စီးခြင်းတရားတို့သည်၊ ဣမာနိပဉ္စ - ဤငါးပါး တို့ပေတည်း။ ပဉ္စ - ငါးပါးတို့ဆိုသည်ကား၊ ကတမာနိ - အဘယ်တို့ပါနည်း။ ဉာတိဗျသန - ဉာတိဗျသနငှင်း၊ ဆွေမျိုးတွေ ပျက်စီးခြင်း။ ဘောဂဗျသန - ဘောဂဗျသနငှင်း၊ စီးပွားတွေ ပစ္စည်းတွေ ပျက်စီးခြင်း။ ရောဂဗျသန - ရောဂဗျသနငှင်း၊ ရောဂါကြောင့် ပျက်စီးခြင်း။ သီလဗျသန - သီလဗျသနငှင်း၊ အကျင့်သီလတွေ ပျက်စီးခြင်း။ ဒိဋ္ဌိဗျသနံ - ဒိဋ္ဌိဗျသနငှင်း၊ အယူပျက်စီးခြင်း။ ဣတိ ဤသို့ ဣမာနိပဉ္စ - ဤငါးပါး တို့ပါပေတည်း။

ဉာတိ ဗျသန၊ ဘောဂ ဗျသန၊ ရောဂ ဗျသန တွေကြောင့်ချည်းပဲက အပါယ်မကျနိုင်ဘူး။ ဆွေမျိုးတွေ ပျက်စီးသွားတယ်။ စီးပွားတွေ ပျက်စီးတယ်။ ရောဂါတွေ နှိပ်စက်လို့ ပျက်စီးတယ်။ အဲဒီ ဗျသနတွေအပြင် နောက်က သီလဗျသန - အကျင့်သီလ ပျက်စီးခြင်း။ ဒိဋ္ဌိဗျသန - အယူပျက်စီးခြင်းတွေ ပါလာပြီဆိုရင် အပါယ်ကျမယ်။